# ကလေး ကားထိုင်ခုံ ဘေးကင်းရေး

ဘေးကင်းစွာစတင်ခြင်း

## အနောက်သို့ မျက်နှာမူခြင်း



30 လသားခန့်အထိ
ကလေးများအတွက်

## အရှေ့သို့ မျက်နှာမူခြင်း



ဤထိုင်ခုံသည် အနောက်သို့ မျက်နှာမူ
သော ထိုင်ခုံတွင် မဆံ့တော့သည့်
ကလေးများအတွက် ဖြစ်သည်။

## ပင့်တင်ထိုင်ခုံ



လူကြီးထိုင်ခုံခါးပတ်ကြိုးနှင့်
အံဝင်ခွင်ကျဖြစ်စေရန် ဤထိုင်ခုံသည်
ကလေးကို ပင့်တင်ပေးပါသည်။

## ထိုင်ခုံခါးပတ်ကြိုး



သင့်ကလေးကို ထိုင်ခုံခါးပတ်ကြိုး
ပတ်ရန် အသင့်ဖြစ်မဖြစ် သိရှိရန်
အဆင့် 5 ဆင့် စစ်ဆေးမှုကို သုံးပါ။

**ဘေးဘက်ရှိထိုင်ခုံသို့ မရွှေ့သွားရန်မှာ အရေးကြီးပါသည်၊ ထိုသို့ဖြစ်လျှင် ပြင်းထန်သော ဒဏ်ရာကို ဖြစ်စေနိုင်သည်။**
**သင့်ကို လမ်းညွှန်ပေးမည့် ထိုင်ခုံပေါ်ရှိ ပခုံးအမှတ်အသားများကို အမြဲသုံးပါ။**

သိုင်းကြိုးများမှာ ပခုံးအထိ အမြင့်တွင် ရှိသည်။

ကလေးထိုင်ခုံပေါ်ရှိ အနိမ့်ဆုံးနှင့် အမြင့်ဆုံး အမှတ်အသားများနှင့် တိုက်ဆိုင်၍ စစ်ပါ။

သိုင်းကြိုးများမှာ လိမ်ခေါက်မနေဘဲ လက်ချောင်း တစ်ချောင်းအကျယ်စာ လျော့လျော့ထား၍ အံဝင်ခွင်ကျဖြစ်နေပါစေ။



အနောက်ဘက် ချိတ် သိုင်းကြိုးကို မှန်ကန်သော ချိတ်ရန်အပေါက်တွင် သေချာချိတ်ထားပါ။

သင့်ကလေးကို ကား ထိုင်ခုံတွင် ကျောမှီပြီး အောက်ပိုင်းကို အံဝင်ခွင်ကျ နေရာချပါ။

ကားထိုင်ခုံကို နေရာတကျ တပ်ဆင်၍ ထိုင်ခုံခါးပတ်ကြိုးကို သေချာကျပ်နေအောင်ပတ်ပါ။

**ထိပ်ပိုင်း ချိတ်သိုင်းကြိုးကို ချိတ်ရန် အပေါက်တွင် ချိတ်ပြီး ကြိုးလုံးဝမလျော့ဘဲ/ကျုံ့နိုင်ဆန့်နိုင်ခြင်းမရှိဘဲ တင်းနေအောင် ဆွဲကာ လိမ်နေမှု မရှိကြောင်း စစ်ပါ**

ကားထုတ်လုပ်သည့် စက်ရုံက တပ်ဆင်ထားသော ကလေး အထိန်း ထိုင်ခုံသိုင်းကြိုးချိတ်ရန်အပေါက် (ရှာမတွေ့နိုင်ပါက ကားလက်စွဲစာအုပ်ကို ကြည့်ပါ) ကို ရှာပြီး သင့်ကား၏ မှန်ကန်သော ချိတ်ရန်အပေါက်ကို အသုံးပြုထားကြောင်း အတည်ပြုပါ။


တင်ဆက်သူ
ROAD SAFETY EDUCATION VICTORIA
Starting Out Safely
EARLY LEARNING ASSOCIATION AUSTRALIA
VICTORIA State Government

# ကလေး ကားထိုင်ခုံ ဘေးကင်းရေး

ကလေး ကားထိုင်ခုံနှင့် ထိုင်ခုံခန်းအားလုံးအတွက် ချိတ်သိုင်းကြိုးတိုင်းမှာ ဖြောင့်တန်းနေရမည်။ ချိတ်ရန်အပေါက်ကို လုမ်းမီရန် ချိတ်သိုင်းကြိုး အဆက်ကို လိုအပ်နိုင်သည်။

ထို့အပြင် သင့်ထိုင်ခုံတွင် အထိန်းတန်းပါရှိပါက ထိုင်ခုံကို အနောက်သို့ လှည့်ထားချိန်တွင် ၎င်းကို အသုံးပြုပါ။


ထိုင်ခုံခါးပတ်ကြိုး သို့မဟုတ် Isofix ချိတ်များကို သုံးပါ။




ကလေးထိုင်ခုံအတွက် မှန်ကန်သော ချိတ်ရန်အပေါက်ကို အသုံးပြုကြောင်း သေချာပါစေ။

မှန်ကန်သော ချိတ်ရန်အပေါက်တစ်ခုကို ရှာရန် သင့်ကား လက်စွဲစာအုပ်ကို သုံးပါ။

**အထိန်းနေရာများ**




ထိုင်ခုံတွင် အတည်ပြုထားသော ဩစတြေးလျ စံနှုန်း စတစ်ကာနှင့် **AS/NZS 1754** ဟုဆိုသည့် အညွှန်းစာသား ပါရှိကြောင်း သေချာပါစေ။ စတစ်ကာများသည် ပျက်စီးခြင်း သို့မဟုတ် ကွာနေခြင်း **မ** ရှိရပါ။ သင့်လျော်သော စတစ်ကာများ မပါသည့် ထိုင်ခုံများကို အသုံးမပြုရပါ။




ကလေးပင့်တင်ထိုင်ခုံမှ ကလေးကို မဖယ်ရှားမီ **၎င်းတို့က စစ်ဆေးမှု အဆင့် 5 ဆင့်လုံးနှင့် ပြည့်မီကြောင်း သေချာပါစေ။**

၎င်းတို့က အဆင့် 5 ဆင့်လုံးကို မအောင်မြင်ပါက ပင့်တင်ထိုင်ခုံတွင် ဆက်ရှိရမည်။

၎င်းမှာ 145cm ခန့်တွင် ဖြစ်သည်

**ငါးဆင့် စစ်ဆေးမှု**




1. ကားထိုင်ခုံကို နောက်ကျောမှီထား ရမည်
2. ထိုင်ခုံ အစပ်တွင် ဒူးကွေးထားရမည်
3. ပေါင်သိုင်း ခါးပတ်ကြိုးကို ပေါင်များ အပေါ်တွင် ထား ရမည်
4. ပခုံးခါးပတ်ကြိုးက ပခုံးအလယ်နေရာ တစ်လျှောက်တွင် ကန့်လန့်ဖြတ်ရှိနေရမည်
5. ခရီးကြာချိန်တစ်လျှောက်လုံး ဤအနေအထားတွင် ဆက်ရှိနေနိုင်သည်

ကလေးထိုင်ရန် ဘေးအကင်းဆုံးနေရာမှာ အနောက်ဘက် ထိုင်ခုံများတွင် ဖြစ်သည်။ အရပ် 145cm ကျော် အသက် 12 နှစ် အရွယ်ကလေးများသည် အရှေ့ဘက် ထိုင်ခုံတွင် ထိုင်နိုင်သည်။

အနောက်သို့ မျက်နှာမူသော ကားထိုင်ခုံကို အလုပ်လုပ်သော လေအိတ်တပ်ထားသည့်နေရာတွင် ဘယ်တော့မှ မထားပါနှင့်။



နောက်ထပ် အချက်အလက်အတွက် ELAA ၏ ဘေးကင်းစွာ စတင်ခြင်း ဝဘ်ဆိုက် **www.childroadsafety.org.au** ကို ဝင်ကြည့်ပါ